နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီလာဟတ် ဆိုင်ရာလတ်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီလာဟတ် ဆိုင်ရာလတ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ သီယရီမာသူသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမဆောင်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ သီယရီမာသူအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမှုံ
The Mirror

၂၄ - ၅ - ၂၀၁၁
(အင်္ဂါနေ့)

ကျန်းမာရေး အမူအကျင့်ကောင်းများ လက်တွေ့လိုက်နာ

လူတိုင်းသည် ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့နှင့် ပြည့်စုံနေရန် လိုအပ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားပြီး စနစ်တကျနေထိုင်စားသောက်ကြခြင်းဖြင့် ရောဂါဘယဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖော်ဆောင်ပေးနေသည်။ ၁၉၉၈ ခုနှစ်မှစတင်၍ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များကျင်းပပြီး ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အညစ်အကြေးများအား ကျန်းမာရေးနှင့် ညီညွတ်စွာ စွန့်ပစ်ရေး(အိမ်သာသန့်)၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး(လက်သန့်) ဟူသည့် သန့်(၄)သန့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများသည် လူတိုင်းနှင့် ဆက်စပ်နှီးနွယ်သဖြင့် အလေးထားလိုက်နာ လုပ်ဆောင်ကြရပေမည်။ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ ကြိုးပမ်းလျက်ရှိသည်။ ယခုအခါ အပူပိုင်းဒေသ တိုင်းဒေသကြီးသုံးခုမှ ကျေးရွာပေါင်း ရှစ်ထောင်ကျော်နှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကျေးရွာပေါင်း တစ်သောင်းကျော်တို့ သန့်ရှင်းသောသောက်သုံးရေ ရရှိနေကြပေပြီ။

ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအဖြစ် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ထိန်းသိမ်းသုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောစည်းရုံးဆောင်ရွက်နေကြသည်။ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများနှင့် နှီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများက စဉ်ဆက်မပြတ် အသိပညာပေးနေကြပြီဖြစ်သည်။

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုများသည် ရေရှည်လုပ်ဆောင်နေကြရမည့် လုပ်ငန်းများဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေးစသည့် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်ကောင်းများကို သိရှိရုံသာမက ပြည်သူလူထုအားလုံးက လက်တွေ့ကျင့်သုံးလိုက်နာကြရန်လည်း လိုအပ်သည်။ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြခြင်းဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာသန့်ရှင်း ရောဂါကင်းစင် ပျော်ရွှင်ချမ်းမြေ့နိုင်ကြမည်ဖြစ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက် သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရုံးကိုယ်စားလှယ် Mr. Georges Paclisanu လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရုံးကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရုံးကိုယ်စားလှယ် Mr.Georges Paclisanu သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ အိုင်စီအာစီနှင့် မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်နေသော ခြေတုလက်တုလုပ်ငန်းများအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်၊ ရေနှင့် ရေသန့်စင်စနစ် ပူးပေါင်းဆောင်ရွက်ရေးတွင် ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် နောင်တွင် ပူးပေါင်းဆောင်ရွက်နိုင်သော အခန်းကဏ္ဍများကိုလည်း ဆက်လက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးမြို့နယ်တွင် ၁၀ နှစ်အတွင်း မိုးရေချိန်စံချိန်သစ်တင် တောင်သူလယ်သမားကြီးများ လယ်ယာလုပ်ငန်းစတင်

ဖြူး မေ ၂၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မေ ၁၈ ရက် နံနက်ပိုင်းမှစ၍မိုးများတစ်နေကုန်မကြုံဖူးအောင် ထူးကဲစွာ ရွာသွန်းဖြိုးခဲ့သဖြင့် ၁၀ နှစ်အတွင်း မိုးရေချိန် ၆ ဒသမ ၀၆ လက်မအထိ စံချိန်သစ်တင်ခဲ့ပြီး မြို့နယ်အတွင်းရှိ တောင်သူလယ်သမားကြီးများ အနေဖြင့် မိုးစပါးစိမ်ကိန်း ၁၅၄၃၅၆ ဧကကို အောင်မြင်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် မေလ ပထမပတ်မှစတင်၍ လယ်ယာလုပ်ငန်းသို့ ဝင်ရောက်လုပ်ကိုင်နေကြောင်း သိရသည်။ (၁၄၀)

ဖခင်ကြီး ဦးစန်းလှိုင်အား ရည်စူး၍ မိခင်ကြီး ဒေါ်လှမြင့်ကို အမှူးထားပြီး ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ မောင်နှမတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် သံဃာငါးပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရို ငါးစုံအတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြေတိုင်းပစ္စည်းများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မေ ၂၃

ဂျပန်နိုင်ငံနည်းပညာဖြင့် ထုတ်လုပ်ထားသော အရည်အသွေးမြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဘူမိဗေဒ လေ့လာရေးလုပ်ငန်းသုံးပစ္စည်းများကို Amigos က ဖြန့်ဖြူးရောင်းချလျက်ရှိရာ Laser Level p410 model သည် ဆောက်လုပ်ရေးလုပ်ငန်းသုံး တိုင်းတာမှုများဖြစ်သော အောက်ခံကြမ်းပြင် ကွန်ကရစ်လောင်းခြင်း၊ ကွန်ကရစ်တိုင်များ တည့်မတ်မှု စစ်ဆေးခြင်း၊ မျက်နှာကြက်တည့်မတ်မှု စစ်ဆေးခြင်း၊ ကြွေပြားကပ်ခြင်းလုပ်ငန်းများတွင် အချိန်၊လူအင်အား သက်သာလျက် တိကျသေချာစွာ တိုင်းတာပေးနိုင်သော ပစ္စည်းတစ်ခုဖြစ်ပြီး Distometer DLD-M5 သည် ပေ ၁၅၀ အကွာအဝေးအတွင်း အလျား၊ အနံ တိုင်းတာနိုင်ခြင်း အခန်းတစ်ခု၏ ဧရိယာ ထုထည်များ တိုင်းတာနိုင်ခြင်း၊ ပေကြိုးမဆွဲနိုင်သော Vertical Distance များနှင့် လူသွား၍ တိုင်းတာမရနိုင်သော အမှတ်များ၏ အကွာအဝေးများကို အလွယ်တကူ တိုင်းတာနိုင်သော ပစ္စည်းများဖြစ်သည်။ ပစ္စည်းအားလုံးအတွက် ဝယ်ယူသူများအား တစ်နှစ်အာမခံချက်ပေးထားပြီး အသေးစိတ်သိရှိလိုပါ Amigos Int'l Co.,Ltd အမှတ် SH- 102,SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉-၅၀၂၅၉၇၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးပတ်လည် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၅-၂၀၁၁ (အင်္ဂါနေ့)
[၁၃၇၃ခုနှစ်၊ ကဆုန်လပြည့်ကျော် (၇) ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀	၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။ အကပြိုင်ပွဲ
၈း၃၀	၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ တေးဂီတအစီအစဉ်
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ အတီးပြိုင်ပွဲ
၄း၃၅	၄။ တက္ကစီမီတာသင်လိုရာ
၄း၅၀	၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူက္ခဗေဒအထူးပြု) (ရူက္ခဗေဒ)
၅း၀၅	၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၂၅	၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၃၅	၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၄၅	၁၀။ နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်း
၆း၀၀	၁၁။ ညနေခင်းသတင်း
၆း၁၅	၁၂။ မိုးလေဝသအခြေအနေ
၆း၂၀	၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅	၁၄။ ဆိုလိုက်ကြစို့
၇း၀၀	၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၃၄)**
၈း၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ ရယ်စရာဟာသများ
	၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၃၁)**
	၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ
[illegible]

❍ ရွှေဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

❖ ပြည်ထောင်စုသမ္မတမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကရာချိမြို့ရှိ ရေတပ်အခြေစိုက်စခန်းကို စစ်သွေးကြွများ စီးနင်းတိုက်ခိုက်

ကရာချိ မေ ၂၃

မောင်းပြန်ရိုင်ဖယ်သေနတ်များနှင့် ဒုံးပစ်လောင်ချာများကိုင်ဆောင်ထားသော တာလီဘန်စစ်သွေးကြွများသည် ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ရေတပ်အခြေစိုက်စခန်း အတွင်းသို့ မေ ၂၂ ရက်နှောင်းပိုင်းက စိမ့်ဝင်ထိုးဖောက်ကာ စီးနင်းတိုက်ခိုက်ခဲ့ရာ ၁၆ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားကြသည်။

မိမိတို့၏ တိုက်ခိုက်ရေးသမားများက အာရေဗျပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့ရှိ ရေတပ်အခြေစိုက်စခန်းရှိ စစ်လေယာဉ်စခန်းကို တိုက်ခိုက်ခဲ့ကြောင်း ပါကစ္စတန်တာလီဘန်အဖွဲ့က ပြောကြားသည်။

တာလီဘန် စစ်သွေးကြွလေးဦးမှ ခြောက်ဦးခန့်သည် ကရာချိမြို့ရှိ ရေတပ်အခြေစိုက်စခန်း ခြံဝင်းအတွင်းသို့ စိမ့်ဝင်ထိုးဖောက်လာခဲ့ကြပြီး အုပ်စုငယ်များဖွဲ့ကာ ဖြန့်ကြက်ခဲ့ကြကြောင်း၊ ယင်းနောက် မေ ၂၂ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဖောက်ခွဲမှုများ စတင်ပြုလုပ်ခဲ့ကြောင်း ပါကစ္စတန်ရေတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အစောပိုင်းတွင် ပြောကြားခဲ့သည်။

စတင်တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ပြီးနောက် အပြန်အလှန်တိုက်ခိုက်မှု နာရီပေါင်းအတန်ကြာအောင် ဖြစ်ပွားခဲ့သည်။

ပီ-၃စီ အော်ရီယွန်အမျိုးအစား ရေတပ်ကင်းလှည့်လေယာဉ်နှစ်စင်း ပျက်စီးခဲ့ရသည်။ ယင်းလေယာဉ်နှစ်စင်းကို လွန်ခဲ့သည့် ဖွန်လက အမေရိကန်နိုင်ငံမှ လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

စစ်သွေးကြွများသည် အရပ်ဘက်လူနေဒေသများနှင့် ထိစပ်နေသောဘက်မှ အုပ်စုသုံးစုခွဲပြီး ညအမှောင်ထုကို အကာအကွယ်ယူကာ ရေတပ်ဌာနချုပ် ခြံဝင်းအတွင်းသို့ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ပွဲအတွင်း ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် စစ်သွေးကြွလေးဦး သေဆုံးခဲ့သည်။ ရေတပ်ကွန်မန်ဒိုများ၊ ရိန်းဂျားလက်ရွေးစင် တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေတပ်ဌာနချုပ်စခန်းအား သိမ်းပိုက်ထားသည့် စစ်သွေးကြွများကို ချေမှုန်းခဲ့ကြသည်။

မိမိတို့၏ကွန်မန်ဒို တပ်ဖွဲ့ဝင်များက စစ်သွေးကြွများကို ရေတပ်စခန်းမှ ရှင်းလင်းဖယ်ရှားနိုင်ပြီဖြစ်ကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး ရာမန်မာလစ်က မေ ၂၃ ရက်တွင် ပြောကြားသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ရေတပ်အခြေစိုက်စခန်း စီးနင်းတိုက်ခိုက်ခံရပြီး နောက် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးဆောင် ရွက် နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပိုင်ဆိုင်မှုအငြင်းပွားကျွန်းများအရေး တရုတ်နှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးများ ဆွေးနွေး

မနီလာ မေ ၂၃

တောင်တရုတ်ပင်လယ်အတွင်းရှိ ပိုင်ဆိုင်မှုအငြင်းပွားကျွန်းများအရေး၌ တာဝန်သိစွာဆောင်ရွက်ရန်နှင့် တစ်ဖက်သတ်ပြုမူလှုပ်ရှားမှုများကို ရှောင်ရှားကြရန် ယင်းကျွန်းများ ပိုင်ဆိုင်ခွင့်ကို အပြိုင်အဆိုင်တောင်းဆိုနေသည့် နိုင်ငံများအား တရုတ်နှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးများက တနင်္လာနေ့တွင် သတိပေးခဲ့သည်။

တောင်တရုတ်ပင်လယ်ပြင်ဒေသ ဆက်လက်တည်ငြိမ်အေးချမ်းရေးအတွက် အာမခံချက်ပေးရန် လိုအပ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး လိန်ကွမ်လီနှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဗော်လ်တဲယားဂက်ဇ်မင်းတို့၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ စပရက်လီကျွန်းစုကို တရုတ်၊ ဖိလစ်ပိုင်နှင့် အခြားအာရှနိုင်ငံလေးနိုင်ငံတို့က ၎င်းတို့သာပိုင်ဆိုင်ခွင့်ရှိကြောင်း အသီးသီးတောင်းဆိုထားကြသည်။

စပရက်လီကျွန်းစုများ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ဒေသတွင်း နိုင်ငံများအကြား တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် တရုတ်ကာကွယ်ရေးဝန်ကြီး လိန်ကွမ်လီက ဖိလစ်ပိုင်နိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ခရီးစဉ်များသွားရောက်ခဲ့သည်။

ယင်းကျွန်းစုများနှင့်ပတ်သက်၍ ဒေသတွင်းတင်းမာမှုများကို ဖြစ်ပေါ်စေနိုင်သော တစ်ဖက်သတ်အပြုအမူများကို ရှောင်ရှားသင့်ကြောင်း တရုတ်နှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

မည်သည့်နိုင်ငံပိုင်ဟု ဖော်ပြခြင်းမှာ မစွမ်းနိုင်သည့် တိုက်လေယာဉ်နှစ်စင်းအား ဖိလစ်ပိုင်တပ်ဖွဲ့များ တပ်စွဲထားရာ ကျွန်းတစ်ကျွန်းအနီး၌ မေ ၁၁ ရက်တွင် တွေ့မြင်ခဲ့ရမှုနှင့် ပတ်သက်၍ တရုတ်နှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

ယင်းတိုက်လေယာဉ်နှစ်စင်းသည် ရုရှားနိုင်ငံလုပ် အမ်အိုင်ဂျီတိုက်လေယာဉ်များဖြစ်ကြောင်း ဖိလစ်ပိုင်မီဒီယာများက ဖော်ပြခဲ့သော်လည်း တရုတ်ကာကွယ်ရေးဝန်ကြီးက မိမိတို့၏လေတပ်၌ အမ်အိုင်ဂျီတိုက်လေယာဉ်များ အသုံးပြုမှုမရှိကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။

အင်တာနက်။

ဆိုမာလီပင်လယ်ဓားပြငါးဦးကို တောင်ကိုရီးယား၌ စွဲချက်တင်

ဆိုးလ် မေ ၂၃

ဆိုမာလီပင်လယ်ဓားပြငါးဦးကို တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဘူဆန်မြို့ရှိ တရားရုံး၌ မေ ၂၃ ရက်တွင် စွဲချက်တင်လိုက်ကြောင်း တရားရုံးပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ပင်လယ်ဓားပြများကို လွန်ခဲ့သည့်လေးလက အိန္ဒိယသမုဒ္ဒရာအတွင်း ပြန်ပေးဆွဲခံထားရသော သင်္ဘောတစ်စင်းပေါ်မှ တောင်ကိုရီးယား ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဆိုမာလီ ပင်လယ်ဓားပြများကို ပင်လယ်ဓားပြတိုက်မှု၊ ပြန်ပေးဆွဲမှုနှင့် လူသတ်ရန်အားထုတ်မှု စသည့် စွဲချက်များဖြင့် ရုံးတင်စစ်ဆေးသွားမည်ဖြစ်သည်။

ဆိုမာလီပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ မကြာသေးမီနှစ်များမှစ၍ ပင်လယ်ဓားပြတိုက်မှုများ ပိုမိုဖြစ်ပွားခဲ့သည်။

ကမ္ဘာပေါ်၌ အရေးပါဆုံး ပင်လယ်ရေကြောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ဆိုမာလီနိုင်ငံတည်ရှိသည်။ စစ်ကြောင့် ပြိုကွဲခဲ့ရသော ဆိုမာလီနိုင်ငံ၌ တရားဥပဒေစိုးမိုးမှုမရှိသဖြင့် ပင်လယ်ဓားပြဂိုဏ်းများ လှုပ်ရှားလျက်ရှိသည်။

ပြန်လည် လွှတ်ပေးခဲ့ရ

ဆိုမာလီကမ်းလွန်ပင်လယ်ပြင်အတွင်း နိုင်ငံတကာရေတပ်များက ဆိုမာလီပင်လယ်ဓားပြများကို မကြာခဏ ဖမ်းဆီးရမိခဲ့သော်လည်း ၎င်းတို့ကို တရားစွဲဆိုမည့်နိုင်ငံမရှိခြင်းကြောင့် ပင်လယ်ဓားပြ အများအပြားကို ပြန်လည်လွှတ်ပေးခဲ့ရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလုပ်ငန်းများအား မြှင့်တင်အားပေးနေသော တောင်ကိုရီးယားနိုင်ငံသည် ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်းတွင် စံနမူနာပြနိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ဖမ်းဆီးရမိထားသော ပင်လယ်ဓားပြများကို တရားစွဲဆိုလိုက်ပြီဖြစ်သည်။

တောင်ကိုရီးယားရေတပ်မှ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည် ပြန်ပေးဆွဲခံထားရသော တောင်ကိုရီးယား ဓာတုဗေဒကုန်ပစ္စည်းတင် ဆမ်ဟိုဂျုဝဲလာရီအမည်ရှိ သင်္ဘောပေါ်ရှိ ပင်လယ်ဓားပြများအား ဇန်နဝါရီ ၂၁ ရက်က စီးနင်းတိုက်ခိုက်ခဲ့ရာ ပင်လယ်ဓားပြရှစ်ဦး သေဆုံးခဲ့ပြီး ငါးဦးကို ဖမ်းဆီးရမိခဲ့သည်။ ***အင်တာနက်။***

ရုရှားလေတပ်၌ လာမည့် ၁၅ နှစ်မှ နှစ် ၂၀ အတွင်း မဟာဗျူဟာ ဗုံးကြဲလေယာဉ်သစ်များ သုံးစွဲသွားမည်

မော်စကို မေ ၂၃

ရုရှားလေတပ်သည် ၎င်း၏မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်အမျိုးအစားသစ်တစ်မျိုးကို ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း ဖြန့်ကြက်နိုင်ရန် စီစဉ်နေကြောင်း မေ ၂၃ ရက်သတင်းများတွင် ဖော်ပြသည်။

တူပိုလက်ဒီဇိုင်းဗျူရိုက တည်ဆောက်နေသော အဆိုပါဗုံးကြဲလေယာဉ်များ၌ ရေဒါထောက်လှမ်းမှုကို ရှောင်ကွင်းနိုင်မည့် နည်းပညာများထည့်သွင်းထားမည်ဖြစ်ပြီး နျူကလီးယားလက်နက်နှင့် ပစ်မှတ်ထိမှန်မှုသေချာသော လက်နက်များကို သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

ခရီးဝေးပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိမည့် အဆိုပါ မဟာဗျူဟာဗုံးကြဲလေယာဉ်များကို လေကြောင်းရန် ကာကွယ်ရေးစနစ်များအား နှောင့်ယှက်ဖျက်ဆီးသည့်နည်းပညာများ ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားလေတပ်၏ အနာဂတ်ဗုံးကြဲလေယာဉ်များသည် ပြင်ဆင်ပြီးပြေးလမ်းမရှိသောလေဆိပ်များအပါအဝင် လေယာဉ်ကွင်းအမျိုးမျိုး၌လည်း အတက်အဆင်းပြုလုပ်နိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းဗုံးကြဲလေယာဉ်များကို ရုရှားလေတပ်၌ လက်ရှိသုံးစွဲနေသော တီယူ-၁၆၀၊ တီယူ-၉၅ အမ်အက်စ်နှင့် တီယူ-၂၂ အမ်အက်စ်ဗုံးကြဲလေယာဉ်များနေရာ၌ အစားထိုးအသုံးပြုရန် ရည်မှန်းထားသည်။

ယင်းအပြင် ရုရှားလေတပ်သည် ၎င်း၏ ပဉ္စမမြောက်မျိုးဆက်တိုက်လေယာဉ် ပထမဆုံးစမ်းသပ်ပျံသန်းမှုကို မေ ၂၀ ရက်က အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

ရုရှားလေတပ်၏ ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ၏ အသေးစိတ်အချက်အလက်များသည် လျှို့ဝှက်ချက်အဖြစ် ရှိနေဆဲဖြစ်သော်လည်း ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ၏ စံနှုန်းအရ ယင်းလေယာဉ်အမျိုးအစားသည် တိုက်ပွဲဝင်စွမ်းပကားမြင့်မားခြင်း၊ အသံ၏မြန်နှုန်းထက်ပိုလွန်ပျံသန်းနိုင်စွမ်းရှိခြင်း၊ အဆင့်မြင့်နည်းပညာသုံးလက်နက်များတပ်ဆင်တိုက်ပွဲဆင်နိုင်၍ ရေဒါထောက်လှမ်းမှုကို ရှောင်ကွင်းနိုင်ခြင်းစသော အရည်အသွေးများရှိမည်ဖြစ်သည်။ ***အင်တာနက်။***

မေ ၂၀ ရက်က အောင်မြင်စွာ စမ်းသပ်ပျံသန်းခဲ့သော ရုရှားနိုင်ငံ၏ ပဉ္စမမျိုးဆက် တိုက်လေယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ ဂျိုပလင်မြို့၌ လေဆင်နှာမောင်း မုန် တိုင်း ပြင်း ထန် စွာ တိုက် ခတ် ခဲ့ ပြီး နောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်အားပြင်းထန်သည့် လေဆင်နှာမောင်းမုန်တိုင်းတိုက် အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ်၌ ၈၉ ဦးသေဆုံး

ဂျိုပလင် မေ ၂၃

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ် ဂျိုပလင်မြို့၌ အင်အားပြင်းထန်သည့် လေဆင်နှာမောင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ၈၉ ဦး ထက်မနည်းသေဆုံးကြောင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိရာ သေဆုံးသူဦးရေ တိုးလာမည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများက မေ ၂၃ ရက်တွင် ပြောကြားကြသည်။

ထိခိုက်ပျက်စီး

ဂျိုပလင်မြို့၌ မေ ၂၂ ရက်က တိုက်ခတ်သော မုန်တိုင်းကြောင့် မြို့၏လေးပုံသုံးပုံခန့်မှာ ထိခိုက်ပျက်စီးခဲ့ရကြောင်း အမေရိကန်ကြက်ခြေနီအဖွဲ့မှ ကေသီဒင်းနစ်က ပြောကြားသည်။

ဂျိုပလင်မြို့ရှိ စိန့်ဂျွန်ဒေသဆိုင်ရာဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေရသူ လူနာ ၂၀၀ ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဂျိုပလင်မြို့ တစ်မြို့တည်းမှာပင် ၈၉ ဦးထက်မနည်း သေဆုံးကြောင်း အရေးပေါ်စီမံခန့်ခွဲရေးရုံးက ပြောကြားသည်။

လေဆင်နှာမောင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မစ်ဆူရီပြည်နယ် အုပ်ချုပ်ရေးမှူး ဂျေးနစ်ကာဆင်က အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားသည်။

မစ်ဆူရီပြည်နယ်ရှိ အခြားသောဒေသများ၌လည်း လေဆင်နှာမောင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီနိုင်သော အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များကို ဆင့်ခေါ်ထားသည်။

ဂျိုပလင်မြို့ရှိ စာသင်ကျောင်းများ၊ ရုံးအဆောက်အအုံများ၊ ဘုရားကျောင်းများ၊ နေအိမ်အဆောက်အအုံများ၊ ဓာတ်ငွေ့စခန်းများပျက်စီးခဲ့ရသည်။

အင်တာနက်။

ကျောင်းသားဘဝတွင် အချိန်ကိုတန်ဖိုးထားပြီး အသိတရားဖြင့် ကြိုးစား နိုင်ငံအနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များ၏ပခုံးပေါ်တွင် တည်နေ

နေပြည်တော် မေ ၂၃

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအနက် ပညာရေးကဏ္ဍသည် အခြေခံကျပြီး အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယခုပေးအပ်သည့် ပညာသင်စရိတ်ချီးမြှင့်ငွေသည် ပြီးပြည့်စုံသည့် ပံ့ပိုးမှု မဟုတ်သော်လည်း တစ်စိတ်တစ်ဒေသအားဖြင့် အထောက်အပံ့ပြုနိုင်မည်ဖြစ်ပြီး စေတနာသာ အဓိကဖြစ်သည်ဟု ပြောကြားလိုကြောင်းဖြင့် မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ပွဲ အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားမှုနှင့် ပတ်သက်၍ အသိတရားရှိရှိဖြင့် ငယ်စဉ်ကာလ ကျောင်းသားဘဝတွင် အချိန်ကို လေးစားတန်ဖိုးထားပြီး ကြိုးစားသွားကြစေလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးသည် ထူးချွန်ထက်မြက်ပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် လူငယ်၊ လူကောင်း၊ လူတော်များ၏ ပခုံးထက်တွင် တည်ရှိနေသောကြောင့် နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ပါဝင်လျက်ရှိသည့် လူ့အဖွဲ့အစည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ခေတ်စနစ်၏ တောင်းဆိုမှုများကို ရင်ဆိုင်ဖြေရှင်းရေးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ရှင်သန် ရပ်တည်နိုင်ရေးအတွက် အခြေခံကျသည့် အရင်းခံအကြောင်းတရားသည် ပညာရေးအခြေခံခိုင်မာကောင်းမွန်ရန်ပင် ဖြစ်ကြောင်းဖြင့် ထည့်သွင်းဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ဝန်ထမ်းသားသမီး အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ တာဝန်ရှိသူများက ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယနေ့ ကျင်းပသည့် ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူ ၂၂၉၁ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေကျပ် စုစုပေါင်း ၂၈၆၈၆၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

Sony Showroom(4) ပြန်လည်ဖွင့်လှစ်ရောင်းချ

ရန်ကုန် မေ ၂၃

TMW Enterprise မှ ဖွင့်လှစ်ထားရှိသော ကမ္ဘာအေးစေတီလမ်းရှိ Sony Showroom(4)ကို အသစ်မွမ်းမံပြင်ဆင်လျက်ရှိရာမှ ဧပြီ ၂၉ ရက်မှစတင်၍ ယခင်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။ **(အောက်ပုံ)**

ယခုအသစ်မွမ်းမံဖွင့်လှစ်သည့် Sony Showroom(4)တွင် နောက်ဆုံးပေါ် ရေစိုခံကင်မရာ TX 10နှင့် J-10 အပါအဝင် ဒစ်ဂျစ်တယ်ကင်မရာအမျိုးမျိုး ဗီဒီယိုကင်မရာအမျိုးမျိုးနှင့် အခြား Professional ကင်မရာများ ပြသထားသည်။

ဆိုနီ၏အဓိကဖန်တီးမှုတစ်ခုဖြစ်သော Bravia LCD, LED နှင့် 3D TV ကောင်တာတွင် ၂၀၁၁ ၏ နောက်ဆုံးပေါ် မော်ဒယ်မြင့်အမျိုးမျိုးကို ပြသထားပြီး 3D Movie, 3D Photo, 3D Game တို့ကို သရုပ်ပြတင်ဆက်ထားကာ လာရောက်ကြည့်ရှုသူများအတွက် 3D နည်းပညာကို မိမိကိုယ်တိုင်ကြည့်ရှုခံစားနိုင်စေရန် 3D မျက်မှန်များကိုလည်း အဆင်သင့်ထားရှိပေးပြီး လက်တွေ့ခံစားကြည့်ရှုနိုင်ကြသည်။

ထို့ပြင် MP3, MP4, Walk-man, X Plod မိုဘိုင်းဖုန်း၊ လက်ပ်တော့၊ ကားရုပ်သံအလှဆင်ပစ္စည်းများနှင့် နောက်ဆုံးပေါ် ဆိုနီအဲရစ်ဆင် Handset များ၊ အရောင်အသွေးစုံလက်ပ်တော့များကို ပြသထားသည့်အပြင် Home Theater ပြခန်းတွင် Bravia TV နှင့် တွဲဖက်ပြီး ပြသထားသည်။

ထို့ပြင် Sony day Promotion 2011 ကိုလည်း ဆက်လက်ကျင်းပဆဲဖြစ်ရာ ဝယ်ယူသူတိုင်းအတွက် အဖိုးတန်လက်ဆောင်များ ပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၆၀၀၃ နှင့် ၅၄၆၀၀၈ (လိုင်းခွဲ ၁၄၄၊ ၁၄၅)တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဇမ္ဗူသီရိမြို့နယ်ရှိ ပျက်စီးနေသော ကျောင်းများအား ပြုပြင်ပေးခဲ့ပြီးဖြစ် ရေရှည်ကောင်းမွန်ရေး ကျေးရွာနှင့် ဆရာ၊ ဆရာမများက ဆက်လက်ထိန်းသိမ်း

နေပြည်တော် မေ ၂၃

နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းနေသော အခြေခံပညာကျောင်းများအား ပြန်လည်ပြုပြင်ပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် ဇမ္ဗူသီရိမြို့နယ်အတွင်း ပျက်စီးယိုယွင်းနေသော အခြေခံပညာကျောင်း ခြောက်ကျောင်းအား ပြုပြင်ရန် အလှူရှင်များဖိတ်ခေါ်၍ အသစ်ပြုပြင်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းများ ရေရှည်ကောင်းမွန်ရေးအတွက် ကျေးရွာနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များက ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရ စားပင်များ၊ ရတနာတန်းဝင် သစ်ပင်ကြီးများ၊ နှစ်ရှည်နှင့် ရာသီပန်း အလှပင်များ စိုက်ပျိုးသွားကြရန်လိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများကိုလည်း တစ်ဦးချင်း စည်းကမ်းမှသည် ရပ်ကွက်၊ ကျေးရွာ စည်းကမ်းကောင်းမွန်ပြီး နိုင်ငံတော်တွင် စည်းကမ်းကောင်းမွန်သော မျိုးဆက်သစ်များ ဖြစ်ပေါ်လာရေး ပြုစုပျိုးထောင်ပေးသွားရန် လိုအပ်ကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သောက်သုံးရေ သန့်ရှင်းရေးတို့ကို ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အောင်ချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနော်အောင်က ရွှေကြာပင် ရပ်ကွက် အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်းကို လည်းကောင်း၊ အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးဝင်းက ပြန်ကပြေး အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၁၄၀) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ လက်ပန်ခါးလှ အမှတ်(၁၃၈) အခြေခံပညာမူလတန်းကျောင်း၊ အောင်ချမ်းသာ အမှတ်(၃၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အလျှင်လို အမှတ်(၇၃) အခြေခံပညာ မူလတန်းကျောင်း၊ တဲကြီးကုန်း ကျောင်းဆောင်သစ်များအား လည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်များသို့ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် နေပြည်တော်ခရိုင် ပညာရေးမှူး ဦးမိုးမြင့်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယနေ့ ပြုလုပ်သော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ တစ်ကျောင်းတို့မှ နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်နှင့် တစ်ထပ်ကျောင်းဆောင် ခုနစ်ဆောင်တို့ကို အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ဆောက်လုပ်ပြုပြင်လွှဲအပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းနေသော အခြေခံပညာကျောင်းများအား ပြန်လည်ပြုပြင်ပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးတက်လမ်း ကတ္တရာခင်းခြင်းအား လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ခင်စိုး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းအောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

i;yaxmi;Ei ybu;avmwwi q;aq;rsm;y&

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနတို့ပူးပေါင်း၍ ရန်ကုန်မြို့ ညောင်ပင်လေးဈေး မြေညီထပ်၌ ဖွင့်လှစ်ထားသော ဈေးဆိုင်များမှ ရောင်းချလျက်ရှိသည့် ငါးပိစိမ်းစား၊ ငါးပိထောင်း၊ ငရုတ်သီးမှုန့်၊ ငရုတ်ဆီနှင့် ပဲကြီးလှော်တို့ကို ဧပြီ ၂၂ ရက်နှင့် ၃၀ ရက်တို့တွင် နမူနာကောက်ယူစစ်ဆေးခဲ့ရာ ငါးပိထောင်းနှင့် ပဲကြီးလှော်တို့တွင် အများပြည်သူ စားသုံးရန်မသင့်သော ဆိုးဆေးများ အသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

စစ်ဆေးရန် နမူနာ ကောက်ယူထားသော လက်ဖက် ၅၄ ခု၊ ငါးပိစိမ်းစား လေးခု၊ ငရုတ်သီးမှုန့် ၁၀ ခု၊ ငရုတ်ဆီ ၁၁ ခုတို့တွင် ခွင့်မပြုထားသော ဆိုးဆေးများကို မတွေ့ရှိရဘဲ ပဲကြီးလှော်နမူနာ ကိုးခုတွင် လေးခု၌ ခွင့်မပြုထားသော ဆိုးဆေးအဝါရောင် (Automine O)နှင့် ငါးပိထောင်းနမူနာနှစ်ခုတွင် ခွင့်မပြုထားသော အနီရောင်ဆိုးဆေး (Phodamin B)များ သုံးစွဲထားသည်ကို ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ တွေ့ရှိရသည်ဟု သိရှိရသည်။

အဆိုပါ စားသုံးရန်မသင့်သော ဆိုးဆေးများအသုံးပြုထားသည့် ရွှေရင်အေး တံဆိပ်ပဲကြီးလှော်(အဝါရောင်) ၉ ဒသမ ၅ ပိဿာ၊ အောင်ပွင့်ဖူးတံဆိပ် ပဲကြီးလှော်နှင့် ပဲလုံး ၂၉ ဒသမ ၅ ပိဿာ၊ ရွှေကြိုးကြာ ငွေကြိုးကြာတံဆိပ် ပဲလုံး ၁၂ ဒသမ ၇၅ ပိဿာ၊ ရွှေဘုတ်ဆုံတံဆိပ် မြိတ်ပုစွန်ငါးပိထောင်း(တစ်တွဲငါးလုံးပါ ဘူးသေး ၁၄၀)၊ ဘုတ်ဆုံမြိတ်ပုစွန် ငါးပိထောင်း(တစ်တွဲငါးလုံးပါ ဘူးကြီး ၇၅ တွဲ) တို့အား အရောင်းဆိုင်များမှ သိမ်းယူ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝက်ရောဂါဆိုင်ရာဟောပြောပွဲ ရေတာရှည်၌ကျင်းပ

ရေတာရှည် မေ ၂၃

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝက်မွေးမြူရေးနှင့် ဝက်ရောဂါများဆိုင်ရာ ပညာပေးဟောပြောပွဲကို မေ ၁ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာရပ်ဆိုင်ရာ ဟောပြောပွဲတွင် ရန်ကုန်မြို့ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါပျံ့နှံ့မှု လေ့လာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ချိုချိုဆုမွန်က ဟောပြောခဲ့ပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

စစ်ကိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘိုး၊ ဘွားများအား အလှူငွေများ ကန်တော့

စစ်ကိုင်း မေ ၂၃

စစ်ကိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးဝင်း၊ ရပ်ကွက်အသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေနှင့် အသင်းဝင်များသည် မေ ၅ ရက် နံနက်ပိုင်းက ပိုးတန်းရပ်ကွက်ရှိ အဘိုး၊ အဘွား ၁၀၀ တို့အား တစ်ဦးချင်းထံသို့ အလှူငွေများဖြင့် ကန်တော့ကြကြောင်း သိရသည်။

(၅၃၁)

ကမ်းလွန်လုပ်ကွက်များရှိ ပြည်ပကုမ္ပဏီများအတွက် ဝန်ဆောင်မှုများ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးနိုင်ပါက အကျိုးအမြတ်များစွာ ဖြစ်ထွန်းနိုင်

နေပြည်တော် မေ ၂၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သည် ပြည်တွင်းမှ ထွက်ရှိသော ရေနံများကို ချက်လုပ်၍ ရေနံထွက်ပစ္စည်းအမျိုးမျိုးကို ၁၉၄၇ ခုနှစ်မှ ယနေ့အထိ ချက်လုပ်ပေးလျက်ရှိရာ စက်ရုံသက်တမ်းကြာလာသည်နှင့်အမျှ ထုတ်လုပ်မှုစွမ်းရည် ထိန်းသိမ်းနိုင်ရေးအတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှုပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့်အတူ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ဝင်း အတွင်းရှိ ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဆိပ်ကမ်း၌ သိုလှောင်ဖြန့်ဖြူးနိုင်မှု အခြေအနေနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်းပြီး ပြည်တွင်းတွင် ဖြန့်ဖြူးပေးနိုင်ရေးအတွက် သိုလှောင်ကန်များ မျှဝေသုံးစွဲရန် ခွင့်ပြုပေးနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၂ ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကမ်းလွန်ရေနံအခြေစိုက်စခန်း သာကေတသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ယင်းကဲ့သို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကမ်းလွန်လုပ်ကွက်များတွင် အကျိုးတူဆောင်ရွက်နေသော ပြည်ပကုမ္ပဏီများစွာရှိပြီး ယင်းကုမ္ပဏီများအတွက် လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများရှိ ဆိပ်ကမ်းများ၌ သွားရောက်လုပ်ကိုင်နေကြသဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေရရှိနိုင်သည့် အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့လက်ဝယ်ရှိနှင့်ပြီးဖြစ်သော မြေနေရာနှင့်အခြေခံအဆောက်အအုံများပေါ်တွင် ထိုက်သင့်သည့် အရင်းအနှီးနှင့် ယာဉ်၊ ယန္တရားများ ဖြည့်တင်း၍ နိုင်ငံတကာ အရည်အသွေးမီ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါက အကျိုးအမြတ်များစွာ ဖြစ်ထွန်းလာနိုင်သဖြင့် ဝန်ထမ်းများက လုပ်ငန်းအခွင့်အလမ်းသစ်များ ကြံဆဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းသည် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း၍ ရေနံရှာဖွေ၊ တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ ရေနံလုပ်ငန်းများတွင် ဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးနေသည့် တစ်ခုတည်းသော အခြေစိုက်စခန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံရေကြောင်း/လေကြောင်း ပို့ဆောင်ရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဧရာဝတီ/ချင်းတွင်းမြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် မျှောစာရယူ၍ သယ်ဆောင် ရေလုပ်ငန်းလုပ်ကိုင်သူအားလုံး ရေလုပ်သားမှတ်ပုံတင်ကတ်ကိုင်ဆောင်

နေပြည်တော် မေ ၂၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ငါးသယံဇာတ ထိန်းသိမ်းရေး ဟောပြောပွဲကို မေ ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်က ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ နယ်နှင့်မြို့ပေါ် ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းရှင်များအနေဖြင့် ရေထွက်ပစ္စည်း ဝယ်ယူခြင်း၊ စုဆောင်းသိုလှောင်၊ ရောင်းချခြင်း လုပ်ငန်းများအတွက် ရောင်းဝယ်စုဆောင်းခွင့်လိုင်စင် ပြုလုပ်၍ တရားဝင်လုပ်ကိုင်ရေး၊ အသေးစား ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ လုပ်ငန်းလိုင်စင်ရယူရေး၊ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် မျှောစာရယူ၍ သယ်ဆောင်ရေး၊ ရေလုပ်ငန်းလုပ်ကိုင်သူများအားလုံး ရေလုပ်သားမှတ်ပုံတင်ကတ်များ လက်ဝယ်ကိုင်ဆောင် ထားရှိရေးတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ မြောင်းမြမြို့နယ်ရှိ ရေလုပ်ငန်းလုပ်ကိုင်သူ ၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ရေး သုံးခွမြို့မဈေးကြီး၌ အသိပညာပေးဟောပြော

နေပြည်တော် မေ ၂၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၈ နာရီခွဲတွင် မြို့မဈေးကြီးအတွင်း သန့်ရှင်းလတ်ဆတ်သော အသားများ ရောင်းချခြင်း ရှိ၊ မရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ဝမ်းပျက်ဝမ်းလျှော ရောဂါ မဖြစ်ပွားစေရေး၊ PRRS ဝက်နားရွက်ပြာရောဂါကာကွယ်ရေးအသိ ပညာပေး ဟောပြောခဲ့ကြကြောင်းသိရသည်။ (သတင်းစဉ်)

ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း ဖမ်းဆီးခြင်း မပြုလုပ်ရန် အသိပေးကြေညာ

ရန်ကုန် မေ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါး သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၁၁ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သတ်မှတ်နေရာများအတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ညွှန်ကြားချက် အမှတ်(၃/၂၀၁၁) ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့် နေရာများမှာ-

ရခိုင်ငါးဖမ်းကွက် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ- ၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီငါးဖမ်းကွက် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ- ၁၅၊ ဘီ- ၂၀) (ငါးဖမ်းကွက်အမှတ် စီ-၃ နှင့် စီ-၄တွင် ကမ်းခြေမှ ၁၀ မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့် တနင်္သာရီငါးဖမ်းကွက် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ- ၈၊ ဒီ- ၁၃၊ ဒီ-၁၈)နှင့် (ငါးဖမ်းကွက်အမှတ် ဒီ-၂၃၊-ဒီ-၂၈ တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၅ မိနစ်မှ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၉ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၅ မိနစ်အတွင်း (တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ဝက်ဖြူတောင်နှင့် သာများမိကျွန်းတစ်ဝိုက်)ရှိ ငါးလုပ်ငန်းရေပြင်တို့ ဖြစ်ကြသည်။

သို့ဖြစ်ပါ၍ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း သတ်မှတ်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် ရေး-သံဖြူဇရပ်ကားလမ်းတွင် KNU အကြမ်းဖက်သောင်းကျန်းသူများက ခရီးသည်တင်မှန်လုံယာဉ် ငါးစီးအား ပစ်ခတ်ရပ်တန့်စေပြီး ဆက်ကြေးကောက် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် မေ ၂၃

ယနေ့ နံနက် ၉ နာရီခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် ကနင်ကမော့ရွာနှင့် လိမ္မော်ခြံရွာအကြား ရေး-သံဖြူဇရပ် ကားလမ်းပေါ်၌ ရေးဘက်မှ မောင်းနှင်လာသော ခရီးသည်တင် ယာဉ်ငါးစီးကို KNU အကြမ်းဖက် သောင်းကျန်းသူများက ပစ်ခတ်တားဆီးကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် ရေးမှ သံဖြူဇရပ်ဘက်သို့ မောင်းနှင်လာသော ရွှေမြင်းပျံ၊ ရွှေဝယ်ရတနာ၊ ရွှေဝါဖူး၊ ကြယ်စင်ဟိန်း၊ ရာဇာမင်း ယာဉ်လိုင်းများမှ ခရီးသည်တင် မှန်လုံယာဉ်ငါးစီးအနက် ရှေ့ဆုံးမှ မောင်းနှင်လာသော ရွှေမြင်းပျံခရီးသည်တင်ယာဉ်၏ ဘီးအား KNU အကြမ်းဖက် သောင်းကျန်းသူ ၃၀ ခန့်က ပစ်ခတ်ဖောက်ခွဲ၍ ယာဉ်တန်းကို ရပ်တန့်စေပြီး ဆက်ကြေး ကောက်ခံခဲ့ကြောင်း၊ ထားဝယ်-ရန်ကုန် မှန်လုံယာဉ်တစ်စီးလျှင် တစ်နှစ်အတွက် ငွေကျပ် ၁၀ သိန်းနှင့် ထားဝယ် - မော်လမြိုင် မှန်လုံယာဉ်တစ်စီးလျှင် တစ်နှစ်အတွက် ငွေကျပ် သုံးသိန်းကို ဆက်ကြေးအဖြစ် အဓမ္မကောက်ခံခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ နယ်မြေခံ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းရာ KNUအကြမ်းဖက် သောင်းကျန်းသူ ဖမ်းဆီးခံရသူများအနက် လေးဦးသည် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး နှစ်ဦးသာကျန်ရှိကြောင်းနှင့် ယင်း KNU အကြမ်းဖက်သောင်းကျန်းသူများအား နယ်မြေခံတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများသည် ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ ဆန်အပါအဝင် ရိက္ခာများ အဓမ္မတောင်းခံခြင်းစသည့် အကြမ်းဖက်လုပ်ရပ်တို့ကိုသာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသဖြင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက စက်ဆုပ်ရွံရှာလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇)လမ်း (အထက်) နေ ကွယ်လွန်သူ ဦးတင်ထွေး ၁၃ နှစ်ပြည့်အား ရည်စူး၍ ဒေါ်သန်းသန်းနွယ် သား၊ သမီး၊ မြေးတစ်စုက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးသွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

wmbipursm; tpO&ucily; pr;tm;jyn vnywEia&;Ei vmbay;vmb, rui;&i;í wm0eu wusreuepmaqmi&ulua&; rmlum;

ရန်ကုန် မေ ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းရှိ အလုံပင်မ ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ Switch Yard တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုကို လည်းကောင်း၊ ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တည်ဆောက်ရေးစီမံကိန်း၊ အလုံဘက်ကမ်းရှိ R.C.S.2 တာဝါတိုင် တည်ဆောက်ပြီးစီးမှုနှင့် ခနောင်တိုဘက်ကမ်းရှိ R.C.S.1 တာဝါတိုင် တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ အလုံဓာတ်အားပေးစက်ရုံ Control Room အတွင်း၌ တာဘိုင်စက်များ မောင်းနှင်နေမှု၊ ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် ဖြန့်ဖြူးထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်ရုံမှူးများ၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားပေးစက်ရုံ လေးရုံရှိ တာဘိုင်စက်များအား အစဉ်ကြံ့ခိုင် ကောင်းမွန်အောင် ဆောင်ရွက်ထားရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်မောင်းနှင်နိုင်ရေး လိုအပ်ချက်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊ အဂတိတရားလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်း၍ မိမိလုပ်ငန်းတာဝန်ကို တိကျမှန်ကန်ကောင်းမွန်စွာ အလေးအနက်ထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် (၁၄၈၅) ကြိမ်မြောက် တမန်တော်နေ့ အခမ်းအနား၌ ဂုဏ်ပြုစကားပြောကြားစဉ်။
(သတင်းစဉ်)

တမန်တော်နေ့ အထိမ်းအမှတ် အခမ်းအနား ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်

ရန်ကုန် မေ ၂၃

(၁၄၈၅)ကြိမ်မြောက် တမန်တော်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် တမန်တော်နေ့ အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တမန်တော်နေ့ ကျင်းပရေးဗဟိုကော်မတီ ဦးစီးနာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာသာပေါင်းစုံချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးမြသန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KIA အဖွဲ့မှ ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၃

မေ ၂၁ ရက် နံနက် ၈ နာရီတွင် တပ်မတော်စစ်ကြောင်း တစ်ကြောင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ယုဇနမြိုင်ကျေးရွာ၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာရှိ တောင်ယာတဲ တစ်လုံးသို့ ဝင်ရောက်ရှင်းလင်းရာ မြစ်ကြီးနားမြို့နယ် နိုင်ကလူကျေးရွာနေ KIA အဖွဲ့မှ ပြည်သူ့စစ်အဖွဲ့ဝင် ဦးဇော်အောင်(၅၆)နှစ်အား ဖောက်ခွဲရေးပစ္စည်းများဖြစ်သည့် ပီပီစီပိုက်အပြာရောင်ဖြင့် ပြုလုပ်ထားသော အရှည်လေးလက်မ၊ အချင်းနှစ်လက်မရှိ ဒေသန္တရ ပလတ်စတစ်မိုင်း အလုံး ၃၀၊ ပေ ၁၁၀ အရှည်ရှိ နှစ်ပင်လိမ်ဝါယာကြိုးခွေတစ်ခွေ၊ နင်းခလုတ် ငါးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူအား သက်ဆိုင်ရာက စစ်ဆေးဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

Fujitsu General လေအေးပေးစက် အရောင်းမြှင့်တင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၃

General အမှတ်တံဆိပ်လေအေးပေးစက်များ အရောင်းမြှင့်တင်ခြင်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၄၀-အေ)၌ မေ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ အထူးဈေးဖြင့် ကျင်းပမည်ဖြစ်ပြီး ကုန်ကျစရိတ်အချို့ကို ကုမ္ပဏီမှ စိုက်ထုတ်ပေးမည်ဟုသိရသည်။ ထို့ပြင် လေအေးပေးစက် ဝယ်ယူသူများအတွက် ငွေသားပြန်အမ်းကူပွန်တို့ကို ဝယ်ယူသည့် အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် တစ်ခါတည်းထုတ်ယူနိုင်ကြောင်း၊ ၎င်းကူပွန်များကို စက်တန်ဖိုးပေးချေသောအခါတွင် လည်းကောင်း၊ လေအေးပေးစက် တပ်ဆင်ခပေးချေသောအခါတွင်လည်းကောင်း ကျသင့်ငွေမှ နုတ်ယူနိုင်ကြောင်းနှင့် ကူပွန်ပေါ်ရှိ အချက်အလက်များကို ပြည့်စုံအောင်ဖြည့်စွက်ပြီး အာမခံကတ်ပြားနှင့်အတူ အရောင်းကိုယ်စားလှယ်ဆိုင်များမှ တစ်ဆင့် ကုမ္ပဏီသို့ သတ်မှတ်ရက်အတွင်း ပြန်လည်ပေးပို့ပါက Fujitsu လေသန့်စင်အနံ့ဖျောက် စက်တစ်လုံးကို ထပ်မံကံစမ်းနိုင်မည့် အခွင့်အရေးလည်း ပေးထားကြောင်း သိရသည်။

General လေအေးပေးစက်များကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်သိရှိလိုပါက ရန်ကုန်ဖုန်း-၀၁-၇၀၆၂၂၃၊၅၃၆၆၆၆၂၊ ၀၂၇၄၆၈၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

ကြယ်စုံလင်းလက်တောက်ပ လတ်စ်ဗီးဂက်စ်မြို့ရဲ့ ဂီတည

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

မေ ၂၂ ရက် တနင်္ဂနွေညက လတ်စ်ဗီးဂက်စ်မြို့၌ ကျင်းပခဲ့သော ၂၀၁၁ ခုနှစ်၏ Billboard တေးဂီတ ဆုပေးပွဲသို့ ကမ္ဘာ့ဂီတလောကမှ နာမည်ကျော် ဂီတကြယ်ပွင့်များတက်ရောက်လာခဲ့ပြီး ဂီတဆုအမျိုးမျိုးကို အသီးသီးဆွတ်ခူးရရှိသွားကြသကဲ့သို့ ကမ္ဘာကျော်တေးသံရှင်များ ဖျော်ဖြေတင်ဆက်သည့် ဂီတသံစဉ်များသည်လည်း လတ်စ်ဗီးဂက်စ်မြို့ကလေးကို ဖုံးလွှမ်းသွားခဲ့သည်။

ထို့အပြင် ကမ္ဘာ့ဂီတလောကမှ အောင်မြင် ကျော်ကြားမှုအရှိန်အားကောင်းဆဲ ဂီတကြယ်ပွင့်အစုံအလင် စုရုံးရောက်ရှိလာသည့် လတ်စ်ဗီးဂက်စ်မြို့၏ တနင်္ဂနွေညသည်လည်း ကြယ်စုံလင်းလက်တောက်ပခဲ့သည့် ဂီတည တစ်ညအဖြစ် မှတ်တမ်းဝင် သွားခဲ့သည်။

အကောင်းဆုံး ဂီတပညာရှင်ဆုရ အမ်မီနမ်။

ယင်းဂီတဆုပေးပွဲတွင် ရက်ပ်အဆိုတော် အမ်မီနမ်နှင့် ဂျက်စတင်ဘီဘာတို့က ဂီတဆုအမျိုးအစား ခြောက်မျိုးစီ ရရှိကြသည့် ဆုအများဆုံးရ တေးသံရှင်များအဖြစ် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြသည်။ အသက်(၃၈)နှစ်ရှိပြီဖြစ်သည့် ရက်ပ်ပါ အမ်မီနမ်က အကောင်းဆုံး ဂီတပညာရှင်ဆု၊ အကောင်းဆုံးအမျိုးသား ဂီတပညာရှင်ဆု၊ အကောင်းဆုံး ရက်ပ်အဆိုတော်ဆု၊ အကောင်းဆုံးတေးအယ်လ်ဘမ်ဆု(Recovery)၊ အကောင်းဆုံး ရက်ပ်တေးအယ်လ်ဘမ်ဆု (Recovery) နှင့် အကောင်းဆုံးရက်ပ်တေးသီချင်းဆု (Love the way you lie) တို့ကို ရရှိသွားသည်။

အကောင်းဆုံး မျက်နှာသစ် အနုပညာရှင်ဆုရ ဂျက်စတင်ဘီဘာ။

ဆယ်ကျော်သက်တို့၏ အသည်းစွဲ အဆိုတော် ဂျက်စတင်ဘီဘာက အကောင်းဆုံး မျက်နှာသစ် ဂီတပညာရှင်ဆု၊ အကောင်းဆုံး လူမှုအနုပညာရှင်ဆု၊ ထင်ပေါ်ကျော်ကြားဆုံး အနုပညာရှင်ဆု၊ အကောင်းဆုံး ဒီဂျစ်တယ်မီဒီယာ အနုပညာရှင်ဆု၊ My World 2.0 တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံး ပေါ့ပ်တေးဂီတ အယ်လ်ဘမ်ဆု၊ Baby သီချင်းဖြင့် အကောင်းဆုံး လူကြိုက်အများဆုံးတေးသီချင်းဆုတို့ကို ရရှိခဲ့သည်။

အကောင်းဆုံး အမျိုးသမီး ဂီတပညာရှင်ဆုရ ရီဟာန်နာ။

တေးသံရှင် ရီဟာန်နာက အကောင်းဆုံး အမျိုးသမီး ဂီတပညာရှင်ဆုနှင့် အကောင်းဆုံးရေဒီယိုတေးသံရှင်ဆုတို့ကို ဆွတ်ခူးရရှိသွားသည်။ အဆိုတော် ကေတီပါရီက ဆွဲဆောင်မှုအရှိဆုံး အနုပညာရှင်ဆုနှင့် အကောင်းဆုံး ဒစ်ဂျစ်တယ် တေးသီချင်းများ တေးသံရှင်ဆုတို့ကို ဆွတ်ခူးရရှိသွားသည်။

ကျေးလက်သီချင်း အဆိုတော် တေလာဆွစ်ဖ်က အကောင်းဆုံး ဘေလ်ဘုတ်ဒ် အနုပညာရှင်ဆု၊ အကောင်းဆုံး ကျေးလက်သီချင်း အဆိုတော်ဆုနှင့် Speak Now တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံး ကျေးလက်တေးသီချင်း အယ်လ်ဘမ်ဆု တို့ကို ဆွတ်ခူးရရှိသွားသည်။

ပေါ့ပ်ဂီတအဆိုတော် လေဒီဂါဂါက အကောင်းဆုံး ပေါ့ပ်တေးသံရှင်ဆု၊ အကောင်းဆုံးအကပညာရှင်ဆုနှင့် The Fame တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံး အကအလှများပါသည့် တေးအယ်လ်ဘမ် ဆုတို့ကိုရရှိသွားသည်။

အကောင်းဆုံး လက်တင် အနုပညာရှင်ဆုရ ရှာကီရာ။

အကောင်းဆုံး ကျေးလက်သီချင်း ဆုရ တေလာဆွစ်ဖ်။

ကိုလံဘီယာအဆိုတော် ရှာကီရာ က အကောင်းဆုံး လက်တင်အနုပညာရှင်ဆုနှင့် သူမ၏ နာမည်ကျော် လူကြိုက်များခဲ့သည့် ဝါကာဝါကာ (This Time For Africa) သီချင်းဖြင့် အကောင်းဆုံး လက်တင်တေးသီချင်းဆုတို့ကို ဆွတ်ခူးရရှိ သွားကြသည်။

အင်တာနက်။

ဒေဝမ်းစိုး

တွေ့ဆုံ

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General MD ABDUL MUBEEN, ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နေပြည်တော်ရှိ ဗေဟျာသီရိဗိမာန်၌ တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General MD ABDUL MUBEEN, ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဗေဟျာသီရိဗိမာန်၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး လှငွေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူးလည်း တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အစ္စရေးနိုင်ငံမှ မြို့တော်ဝန်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အစ္စရေးနိုင်ငံ Ramat Negev မြို့တော်ဝန်Mr.Shmuel Rifman၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr.Yaron Mayer နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အစ္စရေးနိုင်ငံ Ramat Negev မြို့တော်ဝန် Mr.Shmuel Rifman၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr.Yaron Mayerနှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အခြေခံပညာရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၂၃

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc နှင့်ဇနီး ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ လှည့်လည်လေ့လာရန် မေ ၂၂ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj. Gen Anup Kumar Chakma, ndc, pscနှင့်ဇနီး၊ စစ်သံမှူး Brig.Gen Md. Shahidul Haque, ndc, pscနှင့် ဇနီးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မေ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၆/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၁၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

စစ်တွေ၌ ငါးဖမ်းကွက်များ ဈေးပြိုင်တင်ဒါရောင်းချ

နေပြည်တော် မေ ၂၃

ရခိုင်ပြည်နယ် တင်ဒါငါးဖမ်းခွင့် ဈေးပြိုင်ရောင်းချရေး အခမ်းအနားကို မေ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်တွေမြို့ ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် သားငါး၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးအောင်နှင့် ကျောက်ဖြူခရိုင် ငါးလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းတင် တို့က တင်ဒါငါးဖမ်းခွင့်ဈေးပြိုင် ရောင်းချခြင်းနှင့် စည်းကမ်းချက်များကို ရှင်းလင်းတင်ပြကြပြီး တင်ဒါငါးဖမ်းခွင့်အား ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂၆/၂၀၁၁) ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာ့ရှုခင်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၅။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၄:၂၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄:၅၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၉။ မီးသတိပေးနိုးဆော်ချက်
- ၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၄)**
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၄။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
- ၆:၂၅ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၁၂)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ မွေးမြူသုတ
- ၂၃။ ဟာသရုပ်စုံ
- ၂၄။ သီချင်းလက်ဆောင်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၇)**
- ၂၇။ Mini Series

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော်   မေ   ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General MD ABDUL MUBEEN, ndc, psc အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General MD ABDUL MUBEEN, ndc, psc တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်က ၎င်းနှင့်အတူလိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်ပေး

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။ (သတင်းစဉ်)

(၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ကူးစက်တတ်ခြင်းမရှိသော နာတာရှည်ရောဂါများ တားဆီးရေးနှင့် နာတာရှည်ရောဂါဖြစ်ပွားမှုနှုန်း လျှော့နည်းရေး ပြည်ထောင်စုဝန်ကြီး ဆွေးနွေး

နေပြည်တော် မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၅ ရက် ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အာဆီယံဒေသတွင်းနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့်တွေ့ဆုံ၍ ဒေသတွင်းကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ပြီး မေ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသော (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညီလာခံတွင် သဘာပတိ ဆိုက်ပရပ်စ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Dr. Christos Patsalides နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက်တွင် The Global Fund မှ Executive Director, Professor Michel Kazatchkine နှင့် လည်းကောင်း၊ Medicins Sans Frontieres (MSF) မှ Policy and Adbocacy Officer, Mr. Emmanuel Tran နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံပြီး အဓိကရောဂါကြီးသုံးမျိုး ကာကွယ်တားဆီးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပသည့် (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ကူးစက်တတ်ခြင်းမရှိသော နာတာရှည်ရောဂါများ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံ၌ အဆိုပါရောဂါများ ဖြစ်ပွားသေဆုံးမှုနှုန်းများနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများအတွက် အမျိုးသားကျန်းမာရေး စီမံချက်များတွင် ရေးဆွဲပြင်ဆင်ထားရှိမှုများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှုများဖြင့် နာတာရှည်ရောဂါဖြစ်ပွားသေဆုံးမှုနှုန်း လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၇ ရက်တွင် UNAIDS မှ Executive Director, Dr. Michel Sidibe နှင့်လည်းကောင်း၊ ဘူတန်ကျန်းမာရေးဝန်ကြီး Mr. L. Z. Dukpa နှင့်လည်းကောင်း၊ မေ ၁၈ ရက်တွင် Nippon Foundation မှ Mr. Sasakawa နှင့်လည်းကောင်း၊ GAVI Alliance မှ Managing Director, Dr. Mercy Ahun နှင့်လည်းကောင်း၊ မေ ၁၉ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာရုံးမှ Regional Director, Dr. Samlee Plianbangchang နှင့်လည်းကောင်း၊ Stop TB အဖွဲ့မှ Director, Dr. Mario Raviglione နှင့်လည်းကောင်း၊ မေ ၂၀ ရက်တွင် Global Malaria Programme အဖွဲ့မှ Director, Dr. Robert Newman နှင့်လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျန်းမာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သံအမတ်ကြီး ဦးရဲမြင့်အောင်၊ ဆေးသိပ္ပံပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာနမှ ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းနှင့် ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုနိုင်တို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် (၆၄)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကား ပြောကြားပြီး ၂၀၀၉- ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရရှိကြသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီးက မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀၂ ဦးနှင့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး စုစုပေါင်း ၁၂၀ တို့အတွက် ပညာသင်ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများကို ကျောင်းသား၊ ကျောင်းသူများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ငွေး၊ ဦးစိုးဦးနှင့် ၎င်းတို့၏ ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

r;ow0;p;Xme ñecsly {&m0wwi;a'olu;twi;& r;owpce;rsm; ppaq;

ရန်ကုန် မေ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ ဟသ်ာတခရိုင်မြို့များသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားသော ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များအား တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လျင်မြန်စွာ တုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းစဉ်များအား အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်ရေး၊ ဇာတ်တိုက်လေ့ကျင့်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းအား သွားရောက်တွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် ဆောင်ရွက်မည့် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်ရန် စီမံထားရှိမှုအား ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။

(ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်း

ကေတီဗွီဆိုင်အဲယားကွန်း အပူလွန်ကဲရာမှ မီးလောင်

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ပေါ်ဆန်းမွှေးလမ်းထောင့် သုဝဏ္ဏပန်းခြံအနီးရှိ RC တစ်ထပ်သွပ်မိုး ပေ ၁၅၀× ပေ ၈၀ အခန်းအမှတ်(၁၀၅)တွင် ဖွင့်လှစ်ထားသော City Star KTV ဆိုင်တွင် မေ ၂၃ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် အဲယားကွန်းဖွင့်ထားစဉ် မီးအားမြင့်တက်၍ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ သတင်းရလျှင်ရချင်း မီးသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္နေ မီးသတ်တပ်ဖွဲ့ဝင် ၅၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၈ ဦးတို့ဖြင့် ငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် မီးကိုထိန်းနိုင်ခဲ့ပြီး ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အဲယားကွန်းတစ်လုံး၊ LCD TV တစ်လုံး၊ ဆိုဖာဆက်တီတစ်စုံ မီးလောင်ခံရပြီး ငွေကျပ်နှစ်သိန်းငါးသောင်းဖိုးခန့် ဆုံးရှုံးသွားသည်။ ဆိုင်မန်နေဂျာ ဦးအောင်သူရအား သင်္ဃန်းကျွန်းမြို့နယ်ရဲစခန်းက (ပ)၁၃၀/၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

(ကြေးမုံ)

ခရမ်းမြို့တွင်း လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၁၈ ရက်တွင် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာဈေး တတိယထပ်၌ ပြန်လည်ဈေးရောင်းခွင့်ပြုတော့မည်

ရန်ကုန် မေ ၂၃

၂၀၁၀ ခုနှစ် မေ ၂၄ ရက်က မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှု စံချိန်တင်ခဲ့သော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာဈေး၏ တတိယထပ်ကို မေ ၂၀ ရက် နောက်ပိုင်းတွင် ပြန်လည် ဖွင့်လှစ်ရောင်းချခွင့်ပြုမည်ဟု သိရှိရသည်။ ထို့ကြောင့် မိမိတို့ ပိုင်ဆိုင်သည့် ဆိုင်ခန်းများကို ဈေးတာဝန်ခံနှင့် ဆက်သွယ်၍ လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ပြီ ဖြစ်သည်။

မီးလောင်ခံရပြီးနောက် မြေညီထပ်နှင့် ဒုတိယထပ်တို့ရှိ ဆိုင်ခန်းများကို ၁၂-၉-၂၀၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ပြီး ယခုကုန်မျိုးစုံနှင့် အလှကုန်ပစ္စည်းများ ရောင်းချသည့် တတိယထပ်ကို ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ စတုတ္ထထပ်နှင့် ခေါင်မိုးထပ်များကို မကြာမီ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး စည်းကမ်းရှိရှိနှင့် ပြင်းပြင်းထန်ထန်လေ့ကျင့်၊ အာဟာရပြည့်ဝစွာကျွေးမွေး

နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ပေါင်းလောင်း အားကစားခန်းမ၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲနှင့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့သို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုရရှိရန် လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့ လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောအသင်း များ၏ လက်ရည်စမ်းယှဉ်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တွင် ၂၀၁၀ ခုနှစ် ဩဂုတ်လမှ စတင်၍ စခန်းသွင်း လေ့ကျင့်လျက် ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဘတ်စကက်ဘော အမျိုးသားအသင်းနှင့် တပ်မတော်(ရေ) အမျိုးသားအသင်း၊ ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘတ်စကက်ဘော (အဖြူရောင်)အသင်းနှင့် (အဝါရောင်)အသင်းများ လက်ရည်စမ်း ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် လက်ရည်စမ်းယှဉ်ပြိုင်ပွဲ များအပြီးတွင် ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမား များနှင့်အဖွဲ့ချုပ်မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ် မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စည်းကမ်းရှိရှိနှင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ဆောင်ရွက်ရန်၊ နိုင်ငံခြားနည်းပြ ငှားရမ်းလေ့ကျင့်ရန်၊ တရုတ်နိုင်ငံသို့ Joint Trainingသွားရောက် လေ့ကျင့်ရန်၊ အားကစားသမားများအား အာဟာရပြည့်ဝစွာ ကျွေးမွေးရန်နှင့် သက်သာချောင်ချိရေးကိစ္စရပ်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးအားကစားသမားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက Mixed Doubles ပြိုင်ပွဲတွင် ပထမရရှိသော အောင်မိုးနှင့် ချစ်စုရည်အတွဲနှင့် ဒုတိယရရှိသော အေးထွန်းနှင့်ဖူးဖူးအတွဲအား လည်းကောင်း၊ အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမရရှိသော ခင်မောင်ဝင်း နှင့် အောင်မိုးအတွဲနှင့် ဒုတိယရရှိသော အေးထွန်းနှင့် မြတ်ခိုင်တို့အတွဲအား လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင် ပွဲတွင် ပထမရရှိသော နီလာဝင်း၊ ဒုတိယ ရရှိသော ဖူးဖူး၊ ပူးတွဲတတိယရရှိကြသော ကြည်မြဇော်နှင့် ဇင်မာထွေးတို့အား လည်းကောင်း၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော ခင်မောင်ဝင်း၊ ဒုတိယရရှိသော မြတ်ခိုင်စိုး၊ ပူးတွဲ တတိယရရှိကြသော မျိုးလွင်ဦးနှင့် ဇော်ဆန်းဦးတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ်နာယက ဦးအောင်သိန်းလင်းက အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပထမရရှိသော Excellent Unity အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ်သုံးသိန်းကို လည်းကောင်း၊ ဒုတိယရရှိသော ခေတ်သစ်မြန်မာအသင်း အား တစ်ဦးချင်းဆုတံဆိပ်များနှင့်ဆုကြေး ငွေ ကျပ်နှစ်သိန်းကိုလည်းကောင်း၊ ပူးတွဲ တတိယရရှိကြသော ကာကွယ်ရေးဝန်ကြီး ဌာနအသင်းနှင့် YCDC အသင်းတို့ အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေး ငွေကျပ်တစ်သိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ခင်မောင်ဝင်းနှင့် အောင်မိုး အတွဲအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်း ဆုချီးမြှင့်စဉ်။ (တင်းနစ်အဖွဲ့ချုပ်)

မြစ်ဝကျွန်းပေါ်ဒေသများ ထစ်ချုန်းမည့်အခြေအနေ ပိုလာနိုင်

နေပြည်တော် မေ ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာ ကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပေါင်မြို့ တွင် ၄ ဒသမ ၇၂ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မောင်တော မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၂၄ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၂၁ လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ရွှေကျင်မြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီး နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အန်ဆန်လော့တီ ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲပြီ

လန်ဒန် မေ ၂၃

ချယ်လ်ဆီးအသင်းနည်းပြ အန်ဆန် လော့တီသည် ပရီမီယာလိဂ် နောက်ဆုံး ပွဲစဉ်တွင် အဲဗာတန်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးပြီးနောက်တွင် အသင်းနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ်အပြီးတွင် ချယ်လ်ဆီး အသင်းသည် မန်စီးတီးအသင်းနှင့်ရမှတ် တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ သို့သော် ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း မည်သည့်ဆုဖလားမှ မရရှိခဲ့ခြင်းမှာ နည်းပြအန်ဆန်လော့တီအတွက် အဆိုး ရွားဆုံးနှစ်ဖြစ်သကဲ့သို့ အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်အတွက်လည်း စိတ်ဒုက္ခ ရောက်စေခဲ့ရသည်။

ချယ်လ်ဆီး နည်းပြရာထူးအတွက် ပရိသတ်များက ယခင်နည်းပြဟောင်း မော်ရင်ဟိုကို ပြန်လည်ခန့်အပ်ရန် လိုလား နေကြသော်လည်း အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်ကမူ ဟက်ဒ်ဒင့်ကို အဓိကပစ်မှတ်ထားလျက်ရှိနေသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အင်တာနက်။

ဟက်ဒ်ဒင့်ကို ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်နှင့်အတူတွေ့ရစဉ်။

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်များပြီးဆုံး ဝက်စ်ဟမ်းနှင့်အတူ ဘာမင်ဂမ်နှင့် ဘလက်ပူးတို့ တန်းဆင်း

လန်ဒန် မေ ၂၃

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်များမှာ ယမန်နေ့က ပြီးဆုံးခဲ့ပြီဖြစ်သည်။ ပရီ မီယာလိဂ်၏နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၃၈)တွင် ဘလက်ပူးနှင့် ဘာမင်ဂမ် တို့ ရှုံးပွဲကြုံခဲ့၍ ချန်ပီယံရှစ်သို့ တန်းဆင်း သွားရပြီဖြစ်သည်။

ဝက်စ်ဟမ်းအသင်းမှာ ပွဲစဉ်(၃၇)အပြီး ကပင် တန်းဆင်းခဲ့ရပြီးဖြစ်သည်။ ဘာမင် ဂမ်နှင့် ဘလက်ပူးတို့မှာ မျှော်လင့်ချက် ကိုယ်စီဖြင့် ကြိုးစားခဲ့ကြသော်လည်း ဘာမင်ဂမ်က စပါးကို နှစ်ဂိုး-တစ်ဂိုး၊ ဘလက်ပူးက မန်ယူကို လေးဂိုး-နှစ်ဂိုး တို့ဖြင့် အသီးသီးရှုံးနိမ့်ကာ တန်းဆင်း သွားခဲ့ရခြင်းဖြစ်သည်။ ဝုလ်ဗာဟမ်တန် အသင်းမှာမူ ပွတ်ကာသီကာဖြင့် ပရီမီယာ လိဂ်တွင် ဆက်လက်ရှင်သန်ခွင့် ရရှိခဲ့ သည်။

အင်တာနက်။

၂၀၁၀-၂၀၁၁ ပရီမီယာလိဂ်အနှစ်ချုပ်

ချန်ပီယံအသင်း	တန်းဆင်းအသင်း
မန်ယူ	ဝက်စ်ဟမ်း၊ ဘလက်ပူး၊ ဘာမင်ဂမ်
ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်	**ဂိုးအများဆုံးသွင်းသည့် ကစားသမား**
မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီး	ဘာဘာတော့ဗ်(မန်ယူ)- ၂၁ဂိုး၊
ချန်ပီယံလိဂ်ခြေစစ်ပွဲဝင်ခွင့်	တီဗက်ဇ်(မန်စီးတီး)- ၂၁ဂိုး
အာဆင်နယ်	
ယူရိုပါလိဂ်ဝင်ခွင့်	
စပါး၊ စတုတ်စီးတီး၊ ဘလက်ပူး	

(မှတ်ချက်။ ။ဘလက်ပူးအသင်းမှာ ချန်ပီယံရှစ်သို့တန်းဆင်းသွားရသော်လည်း ပရီမီယာလိဂ်ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးကစားမှု Fair Play အဆင့်သတ်မှတ်ချက် တွင် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့၍ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခြင်းဖြစ်သည်။) အင်တာနက်။

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ တပင်ရွှေထီးလမ်း အမှတ်(၄) ရပ်ကွက်နေ ဦးတင်မောင်-ဒေါ်သန်းညွန့်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာ ရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ အဖွဲ့ဝင် ဦးမောင်မောင်အောင် လက်ခံစဉ်။ (ကြေးမုံ)

ဟန်သစ်

ပညာဂုဏ်ရောင် အလင်းဆောင် ပညာဂုဏ်ရောင် အလင်းဆောင်

မြန်ဂုဏ်ဆောင် စာပေဆုများ ကောလင်းစာပေ/စာနယ်ဇင်းချီးမြှင့်မည်

ကောလင်း မေ ၂၃

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်စာပေ ဖွံ့ဖြိုးရေး အတွက် မြန်ဂုဏ်ဆောင် စာပေဆုချီးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၇ ရက်က မြို့နယ်အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ စာပေပြိုင်ပွဲများ ကျင်းပရေးစီမံချက်ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ကောလင်းမြို့ ခင်မို့မို့စာပေက ငွေကျပ်သိန်း ၃၀ နှင့် ကြယ်စင်စာပေက ငွေကျပ် သိန်း ၂၀ တို့ကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးနေဦး (အမျိုးသား စာပေဆုရ၊ ကိုနေ-ကောလင်း)သို့ ပေးအပ်လှူဒါန်းကြသည်။

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကျေးလက်အုပ်စု ၄၇ အုပ်စု ကျေးရွာ ၂၁၀ တွင် ဖွင့်လှစ်မည့် ကျေးလက်စာကြည့်တိုက်များတွင် စာပေပြိုင်ပွဲ၊ နှုတ်မှုစွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို ပြုလုပ်သွားပြီး မြန်ဂုဏ်ဆောင်စာပေဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၁၄)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးနှင့် စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မေ ၁၀ ရက်က အဆိုပါ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပစဉ်။

(၅၆၅)

ရန်ကုန် မေ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အရာရှိ မြေတိုင်း သင်တန်းအမှတ်စဉ် (၅/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက်က တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၅ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီခရိုင် မြဝတီမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ပွဲကို မေ ၂၃ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ကျော်က ကျောင်းသူတစ်ဦးအား ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့်ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။ (၅၇၀)

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းထောက်များခေါ်ယူခြင်း

ကြေးမုံသတင်းစာတိုက်အတွက် သတင်း၊ ဓာတ်ပုံ၊ သတင်းဆောင်းပါးများ ရေးသားရိုက်ကူးပေးပို့နိုင်မည့် မြို့နယ်သတင်းထောက်များကို စိစစ်ရွေးချယ်ခန့်ထား သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းထောက်လုပ်ငန်းကို ဝါသနာပါပြီး သတင်းရေးသားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း လုပ်ငန်းများကို သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို အခြေခံလျက် လုပ်ကိုင်နိုင်သူများသည် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်းနှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံ ပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည် ကြေးမုံသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်ခရိုင်နှင့် ကြေးမုံသတင်းစာတိုက်(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၇၇)၊ မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ သို့ (၇-၆-၂၀၁၁)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ပြည်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ပြည် မေ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ပြည်မြို့နယ်အတွင်း ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက ပြည်မြို့ ခေတ္တရာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်း တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ကျင်းပရာ ပြည်ခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးပေါ်စိန့်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (တိုင်းဒေသကြီးခွဲရုံး) တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထွန်းက ယာဉ်တိုက်ခိုက်မှုအန္တရာယ်လျော့ကျရေး စည်းကမ်းနည်းဥပဒေများကိုလည်းကောင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ဦးက ယာဉ်များစစ်ဆေးခြင်း အကြောင်းအရာများကိုလည်းကောင်း၊ စစ်ဆေးရေးမှူး(၂) ဦးချိုကြီးက ယာဉ်မောင်းလိုင်စင် ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးဦးမြတ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ လမ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ ယာဉ်တိုက်မှု အမှားအမှန် သရုပ်ပြပုံများကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

(အောက်ပုံ)

(၄၉၇)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များ လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီ ဖြစ်သည်။ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီး၊ ပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အဝင်ရေလမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့် အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများအား အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင်နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်း စနစ်များအား ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြု မောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် သတိပေးနှိုးဆော်လိုက်သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ပွဲရုံဆိုင်ခန်းရောင်း

၃၀'×၄၅' နှစ်ထပ် ရေ၊ မီး ဖုန်း၊ နှစ်ခန်းတွဲ (ဆောက်လုပ်ရေးပစ္စည်းပွဲရုံခန်း) စော်ဘွားကြီးကုန်း၊ နေရာကောင်း **ဖုန်း-၀၉-၅၀၀၇၆၃၈**

မြေကွက်ရောင်းမည်

မန္တလေးဈေးချိုနာရီစင်အနီး၊ စီးပွားရေးလုပ်ရန်နေရာကောင်း၊ ၂၄လမ်း၊ ၈၄/၈၅လမ်းကြား (One Block နီးပါး)၊ မြေအကျယ် ပေ(၁၆၀ × ၈၀) (အဆောက်အအုံဟောင်းပါ) ဘိုးဘွားပိုင်၊ အရှုပ်အရှင်းကင်းသည်။

(ပွဲစားမလို) ဆက်သွယ်ရန်
ဖုန်း-၀၉ ၈၆၃၆၂၃၉၊ ၀၉ ၅၁၀၂၅၃၉

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၈၀၂/က-ခ)၊ အောင်သစ္စာ(၅)လမ်း၊ ၄/တောင်ရပ်ကွက်ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၈၀၂/က)၊ အကျယ်အဝန်း(ပေ၂၀×ပေ၆၀)နှင့် မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၀၂/ခ)၊ အကျယ်အဝန်း(၂၄ပေ×ပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော R.C နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးအကြိုင်း(ခ)ဦးအောင်ကျော်[၁၂/ခရန(နိုင်)၀၈၈၈၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအဆောက်အအုံနှင့်မြေအပါအဝင် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များနှင့်အတူ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည် ။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသန့်(ခ) ဦးမောင်ကြီး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၂၃၄၃)
အမှတ်(၁၅၈/၁၆၈)၊ အခန်း(၁၈)ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း
မြို့တော်ခန်းမအနီး၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၉၁၃၃၂၊
၀၉-၄၉၂၄၈၃၄၀

09-73171400, 09-73080578

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၉၊ သားသတ်ရုံအနောက်၊ မြေကွက်အမှတ်(၇/စ)၊ ဧရိယာ(၂. ၇၄၈)ဧကရှိ မြေပိုင်မြေကွက် သက်သက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်(လူနေရပ်ကွက်အခေါ်အဝေါ်မှာ အမှတ်(၇/စ)၊ ဖန်ချက်လမ်း၊ သားသတ်ရုံအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့) အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဦးဝင်းမောင်[၁၂/လမန(နိုင်)၀၄၈၁၆၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ ဤနို့တစ်စာထုတ်သည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း(စဉ်-၃၆၁၉)	**ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)**
H.G.P, LL.B.,LL.M,	**LL.B.,LL.M**
Diploma in Business Law	**Diploma in Business Law**
Advocate	**Advocate**

အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်း
မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၄၅၃၇၊ ၃၉၄၇၂၅၊ ၃၇၉၈၁၂၊ ၃၉၄၀၈၀၊ ၀၉-၈၀-၃၂၅၈၂၊
၀၉-၅၁-၈၃၁၅၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၂၂)ဟုခေါ်တွင်သော မြေအကျယ် (၂၅'X၅၀')ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုကြသူ ဒေါ်လှလှဝင်း[၁၂/သဃက(နိုင်)၀၉၁၄၀၁]အပါအဝင် မောင်နှမ(၃)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့ကြပြီးဖြစ်သဖြင့် မြေကွက်ရောင်းဝယ်ခြင်းကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်မေထွန်း LL.B,D.B.L
(WIPO).D.L.P (Switzerland)
အထက်တန်းရှေ့နေ (စဉ်-၂၄၇၃၇)
အမှတ်(၇၃၁)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊
သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်တင်ဖြိုးဝေ၏ နိုင်ငံကူးလက်မှတ် P.P 860130 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၈၀၉၅၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

ပုသိမ်မြို့၊ ပုသိမ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရွှေစည်းခုံလမ်း၊ အမှတ်(၅)နေ ဒေါ်လုံး[၁၄/ပသန(နိုင်)၀၁၆၆၃၆]၏သားဖြစ်သူ မောင်စိုးသန်း[၁၄/ပသန(နိုင်)၀၁၉၀၂၀]သည် မိခင်အပေါ် မပြုလုပ်သင့်သည့် ပြုလုပ်ချက်များ ဆောင်ရွက်ခဲ့သဖြင့်လည်းကောင်း၊ မိခင်၏ ဆိုဆုံးမမှု၊ စီစဉ်ညွှန်ကြားမှုများကို လေးစားနာခံမှု၊ ယုံကြည်မှုမရှိ၊ ဆန့်ကျင်သည့်အပြင် နှောင့်ယှက်ဟန့်တားကန့်ကွက်မှုများကြောင့်လည်းကောင်း၊ မိခင်အားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြောဆိုနေမှုများကြောင့်လည်းကောင်း၊ သားသမီးများထားရှိရမည့် ကျင့်ဝတ်ပျက်ပြားသူ ဖြစ်ပါသောကြောင့် မိခင်ဖြစ်သူ၏အမွေကို ခံစားထိုက်သူမဟုတ်ပါ၍ ဤကြေညာသည့်နေ့မှစ၍ မိခင်ဒေါ်လုံး၏ အမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

မိခင်ဒေါ်လုံး
[၁၄/ပသန(နိုင်)၀၁၆၆၃၆]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၃၀၇)သည် ယခုလက်ရှိ ဦးခင်မောင်လွင် အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးခင်မောင်လွင်မှ ဒေါ်အေးနှင်းဖြူ [၁၂/အလန(နိုင်) ၀၃၄၉၉၅]သို့ တန်ဖိုးသတ်မှတ် ရောင်းချခဲ့ပါသဖြင့် ဒေါ်အေးနှင်းဖြူ[၁၂/ အလန(နိုင်)၀၃၄၉၉၅] မှ တိုက်ခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေး ဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၃

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ခေတ္တရပ်နားပြီး ပြန်လည်ကျင်းပရာ တက်ရောက်လာကြသူများက လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြပြီး ဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်များကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၅-၂၀၁၁)

ပေါင်	၄	ဒသမ	၇၂	လက်မ
ညောင်လေးပင်	၁	ဒသမ	၉၃	လက်မ
မောင်တော	၁	ဒသမ	၃၈	လက်မ
ကျိုက်မရော	၁	ဒသမ	၂၄	လက်မ
သထုံ	၁	ဒသမ	၂၀	လက်မ
လောင်းလုံ	၁	ဒသမ	၁၈	လက်မ
ရွှေကျင်	၁	ဒသမ	၀၆	လက်မ